**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးဦးစီးဌာန**

စာအမှတ်၊ကသရ(ဦး)မူဝါဒ(၃)/၂၀၁၉-၂၀၂၀(၃၆၁၄)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဩဂုတ်လ ၁၃ ရက်

အကြောင်းအရာ။ **ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သောသတင်းလွှာ ၁၀/၂၀၂၀ ထုတ်ပြန်ခြင်းအား သိရှိနိုင်ပါရန် အကြောင်းကြားခြင်း**

ရည် ညွှန်း ချက် ။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ၊ ဝန်ကြီးရုံး၏ ၁၀-၈-၂၀၂၀ ရက်စွဲပါ စာအမှတ် ၊ စက-၁၅/၃-၃/၂၀၂၀(၈)

ရွှေ ၊ လက်ဝတ်ရတနာပစ္စည်းများ တင်သွင်း ၊ တင်ပို့ခြင်းများကို Letter of Credit (L/C) စနစ်ဖြင့်သာ ခွင့်ပြုသွားမည်ဖြစ်ကြောင်း သတင်းလွှာထုတ်ပြန်နိုင်ရေး တင်ပြခဲ့ခြင်းအပေါ် ဆက်လက်ဆောင်ရွက်သွားရန်ဟု လမ်းညွှန်လာပါ၍ ရွှေ ၊ လက်ဝတ်ရတနာပစ္စည်းများ တင်သွင်း ၊ တင်ပို့ခြင်းများကို Letter of Credit (L/C) စနစ်ဖြင့် ခွင့်ပြုသည့် သတင်းလွှာ (၁၀/၂၀၂၀) ထုတ်ပြန်ခြင်းအပေါ် သိရှိဆောင်ရွက်နိုင်ပါရန် ပူးတွဲပေးပို့အကြောင်းကြားအပ်ပါသည်။

**ပူးတွဲ ( ၁ ) ရွက်**

၁၃. ၈. ၂၀၂၀

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား )

(သောင်းနိုင် ၊ ညွှန်ကြားရေးမှူး)

**ဖြန့်ဝေခြင်း**

ညွှန်ကြားရေးမှူး ၊ ဌာနခွဲအားလုံး၊ ကုန်သွယ်ရေးဦးစီးဌာန (www.commerce.gov.mm၊ www.commercejournal.com.mm ၊ www.myanmartradenet.com.mm ၊ www.myanmartradeportal.gov.mm) အစရှိသည့် ဝန်ကြီးဌာန၏ website များတွင် သက်ဆိုင်ရာဌာနခွဲများမှ ဖော်ပြပေးပါရန်)

ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးစီးအရာရှိ

ကုန်သွယ်ရေးဇုန်နှင့် စခန်းများအားလုံး

ပို့ကုန်သွင်းကုန်ရုံး (ရန်ကုန် ၊ မန္တလေး ၊ ကျိုင်းတုံ ၊ မြစ်ကြီးနားရုံးခွဲ) ကုန်သွယ်ရေးဦးစီးဌာန

တာဝန်ခံ ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းအဖွဲ့ရုံး ၊ ရန်ကင်းမြို့နယ်

တာဝန်ခံ ၊ သီလဝါအထူးစီးပွားရေးဇုန် (One Stop Service Centre)

အဖွဲ့ခေါင်းဆောင် ၊ ရွှေ ၊ လက်ဝတ်ရတနာ ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများ ၊ အသုံးအဆောင်ပစ္စည်းများတင်ပို့တင်သွင်းခြင်းဆိုင်ရာ One Stop Service Centre အဖွဲ့

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်ဦးစီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး (ကုန်သွယ်ရေး ၊ လွယ်ကူ/စေ့စပ်) ကုန်သွယ်ရေးဦးစီးဌာန

မူဝါဒ (၁)၊ (၂)၊ ကုန်သွယ်မှုမူဝါဒဌာနခွဲ ၊ ကုန်သွယ်ရေးဦးစီးဌာန

လက်ခံစာတွဲ/မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းဆိုင်ရာစည်းကမ်းချက်များနှင့်ပတ်သက်သော

သတင်းလွှာ ( ၁၀ /၂၀၂၀)

ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ် ၊ ဩဂုတ်လ ၁၂ ရက်

အကြောင်းအရာ။ **ရွှေ ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းဆိုင်ရာ စည်းကမ်းချက် များနှင့်ပတ်သက်သောကိစ္စ**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခွင့် ပြုခြင်းနှင့် လိုက်နာဆောင်ရွက်ရန်စည်းကမ်းချက်များကို အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၈ ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၂။ အဆိုပါအမိန့်ကြော်ငြာစာ ၇/၂၀၁၈ ၏ ပူးတွဲပါစည်းကမ်းချက်များအပိုဒ် ၈ တွင် "ရွှေ၊ လက်ဝတ်ရတနာများ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတ်မှတ်ခွင့်ပြုထားသည့် နိုင်ငံခြားငွေ ကြေးဖြင့်သာ L/C (သို့မဟုတ်) TT စနစ်ဖြင့် ခွင့်ပြုသည်" ဟူ၍ သတ်မှတ်ထားပါသည်။

၃။ လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံသည် Financial Action Task Force (FATF) ၏ ငွေကြေးခဝါချမှုအဆင့်သတ်မှတ်ချက်တွင် Grey List တွင် ပါဝင်နေကာ ရွှေ၊ လက်ဝတ်ရတနာ များ၊ ရွှေဖြင့်ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများ တင်ပို့/ တင်သွင်း ခြင်းကိုအကြောင်းပြု၍ တရားမဝင်သောနည်းလမ်းဖြင့်ရရှိသည့်ငွေကြေးများ ဝင်ရောက်နိုင်ခြင်း မရှိစေရေး သေချာစွာစိစစ်ဆောင်ရွက်ရန်လိုအပ်သဖြင့် အဆိုပါပစ္စည်းများ တင်ပို့/ တင်သွင်းခွင့် လိုင်စင်များကို L/C (သို့မဟုတ်) TT စနစ်ဖြင့် ခွင့်ပြုခြင်းအစား ဤသတင်းလွှာထုတ်ပြန်သည့် နေ့မှစ၍ Letter of Credit (L/C) စနစ်ဖြင့်သာ ခွင့်ပြုသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန် ကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန